Vol.2 (4), February 2022


Source:https://www.fibre2fashion.com/news/textile-news/cotton-demand-to-rise-in-myanmar-as-textile-plants-reopen-228232-newsdetails.htm

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin)

Market Information System

စိုက်ပျိုးရေးဦးစီးဌာန

“တိကျမြန်ဆန် ဈေးကွက်သတင်းမှန် တောင်သူများအတွက် ဖြန့်ဝေရန် စိတ်ချအားထား ဈေးနှုန်းများ တောင်သူများအား ဖြန့်ဝေသွား”

28th February, 2022

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

## ပါဝင်သောအကြောင်းအရာများ

❖ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ

- ➢ နံ့စားသီးနှံ
- ➢ ဆီထွက်သီးနှံ
- ➢ ပဲမျိုးစုံ
- ➢ စက်မှုကုန်ကြမ်းသီးနှံ
- ➢ စားဖိုဆောင်သီးနှံ
- ➢ အသား/ငါးနှင့်ဥအမျိုးမျိုး

❖ ပြည်တွင်းပြည်ပဈေးကွက်နှင့် လယ်ယာသတင်းအချက် အလက်များ

## စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ

### ဈေးကွက်သတင်းအချက်အလက်များ

- ❖ စပါးဈေးနှုန်း အနည်းငယ်မြင့်တက်လာသော်လည်း သိသာစွာ ပြောင်းလဲမှုမရှိခြင်း
- ❖ မြေပဲ၊ နှမ်း(နက်)နှင့် နေကြာဈေးနှုန်းများ သိသာစွာ ပြောင်းလဲမှု မရှိခြင်း
- ❖ မတ်ပဲဈေးနှုန်းကျဆင်းလျက်ရှိပြီး ပဲတီစိမ်းဈေးနှုန်း မှာလည်း အတက်အကျဖြစ်ပေါ်နေခြင်း
- ❖ ပဲစင်းငုံဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိခြင်း
- ❖ ချက်ကြံတစ်တန်ဈေးနှုန်း
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်းမြင့်တက်လျက်ရှိခြင်း
- ❖ ကြက်သွန်နီနှင့် ကြက်သွန်ဖြူဈေးနှုန်းများ အတက် အကျရှိနေခြင်း
- ❖ ငရုတ်အစိုနှင့် အခြောက်ဈေးနှုန်းများ သိသာစွာ ပြောင်းလဲမှုမရှိသော်လည်း ခရမ်းချဉ်ဈေးနှုန်းကျဆင်း သွားခြင်း
- ❖ မွေးမြူရေးဆိုင်ရာ အသားနှင့်ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းဖြစ်ပေါ်မှု အခြေအနေ

စာမျက်နှာ ၂ မှ ၄

### ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ♣ မျိုးစေ့ပြပွဲ-၂၀၂၂ တွင်ကျင်းပခဲ့သော စကားဝိုင်း၊ ဆွေး နွေးပွဲနှင့် တောင်သူများနည်းပညာဆွေးနွေးဖလှယ်ပွဲများ မှတစ်ဆင့် စိုက်ပျိုးရေးကဏ္ဍအတွက် ရလာဒ်ကောင်းများ ရရှိခဲ့ခြင်း
- ♣ ခိုင်မာသော နိုင်ငံခြားဝယ်လိုအားကြောင့် မြန်မာ့ရော်ဘာ ဈေးနှုန်း မြင့်တက်လာခြင်း
- ♣ မြန်မာနိုင်ငံမှ ပြောင်းပမာဏအမြောက်အများကို မြဝတီ နယ်စပ်မှ ထိုင်းနိုင်ငံသို့ အကောက်ခွန်သက်သာခွင့် သုည ရာခိုင်နှုန်းဖြင့် တင်ပို့လျက်ရှိခြင်း
- ♣ အိန္ဒိယနိုင်ငံသည် ပဲတီစိမ်းသွင်းကုန်ခွင့်ပြုပမာဏအပေါ် သွင်းကုန်မူဝါဒပြောင်းလဲသတ်မှတ်ခြင်း
- ♣ အီကွေဒေါနိုင်ငံသည် တရုတ်နိုင်ငံသို့ နဂါးမောက်သီး တင်ပို့ရန် ခွင့်ပြုချက်ရရှိခဲ့ခြင်း
- ♣ အင်ဒိုနီးရှားနိုင်ငံမှ တင်ပို့မှုကန့်သတ်လိုက်ခြင်းကြောင့် ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းများကို ထိန်းချုပ်နိုင်ရန် အိန္ဒိယနိုင်ငံသည် အပြင်းအထန်ကြိုးစားလျက်ရှိ
- ♣ တရုတ်နိုင်ငံ၏တင်းကြပ်သောဗိုင်းရပ်စ်မူဝါဒသည် အာဆီယံ သစ်သီးတင်ပို့သူများအား ထိခိုက်စေခြင်း
- ♣ ဖိလစ်ပိုင်နိုင်ငံသည် သကြားပြတ်တောက်မှုကို ကာမိ စေရန် သန့်စင်ပြီးသကြားတန်ချိန် (၂၀၀,၀၀၀)အား တင် သွင်းရန် ကြိုးပမ်းနေခြင်း

စာမျက်နှာ ၅ မှ ၈

- ♣ မြန်မာ့ပဲမျိုးစုံ တင်ပို့မှုအခြေအနေ
- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

စာမျက်နှာ ၈ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နံ့စားသီးနှံ







- ပေါ်ဆန်းမွှေးနှင့် မနောသုခစပါး

○ ဖေဖော်ဝါရီလဒုတိယ(၁၅)ရက်အတွင်း ပေါ်ဆန်းစပါးဈေးနှုန်းမှာ ပဲခူးဈေးကွက်၌ တစ်တင်းလျှင် (၁၆၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ဖေဖော်ဝါရီပထမ (၁၅)ရက်နှင့်နှိုင်းယှဉ်ကြည့်လျှင် နေပြည်တော်၊ ပဲခူး၊ စစ်ကိုင်းနှင့် မွန်ဈေးကွက်တို့၌ တစ်တင်းလျှင် ၅၀၀ကျပ်မှ ၄၅၀၀ကျပ်(၃%မှ ၃၉%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး ရခိုင်နှင့် တနင်္သာရီဈေးကွက်တို့၌ တစ်တင်းလျှင် ၁၀၀၀ကျပ်(၈%)ခန့်ဈေးနှုန်းကျဆင်းနေပြီး အချို့ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။

○ ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း မနောသုခစပါးဈေးနှုန်းမှာ မကွေးဈေးကွက်၌ တစ်တင်းလျှင် (၉၂၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဖေဖော်ဝါရီပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါကရခိုင်ဈေးကွက်၌သာ တစ်တင်းလျှင် ၁၅၀၀ကျပ်(၂၀%)ခန့် ဈေးနှုန်းကျဆင်းခဲ့ပြီး ဈေးကွက်အများစုတွင် ဈေးနှုန်းသိသာစွာပြောင်းလဲမှုမရှိခဲ့ပါ။

○ ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း စပါးဈေးနှုန်းအခြေအနေမှာ တောင်သူများလက်ဝယ်တွင် ရောင်းချမည့်စပါးလက်ကျန်နည်းပါးလာလျက်ရှိရာ ပြည်တွင်းဝယ်ယူစားသုံးမှုများပြားသည့်စပါးများကို ကြိတ်ခွဲမည့်ဆန်စက်များသည် စပါးလှောင်ထားသည့် ကုန်သည်များထံမှ ဝယ်ယူနေရခြင်းကြောင့် ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း စပါးဈေးနှုန်းမှာ အနည်းငယ်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

- အစေ့ထုတ်ပြောင်း




▪ ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း အစေ့ထုတ်ပြောင်းဈေးနှုန်းအခြေအနေမှာ တရုတ်နိုင်ငံမှဝယ်ယူမှုများရှိနေသည့်အပြင် ထိုင်းနိုင်ငံ၏ကုန်သွယ်ရေးမူအရ နှစ်စဉ်ဖေဖော်ဝါရီ(၁)ရက်မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ အကောက်ခွန်သက်သာခွင့်သုညရာခိုင်နှုန်းဖြင့် ပြန်လည်တင်သွင်းခွင့်ပေးခဲ့ရာ မြဝတီနယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ပြောင်းပြန်လည်တင်ပို့မှု ရှိလာခြင်းတို့ကြောင့် ဈေးကွက်အတွင်း ပြောင်းဈေးနှုန်းမှာ တစ်တင်းလျှင် (၁၅၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ဈေးကွက်အတွင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

## မြေပဲ၊ နှမ်း၊ နေကြာ

- မြေပဲ(အတောင့်)ဈေးနှုန်းမှာဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း စစ်ကိုင်းဈေးကွက်၌ တစ်တင်းလျှင် (၂၃၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဖေဖော်ဝါရီပထမ (၁၅)ရက်နှင့်နှိုင်းယှဉ်ပါက မန္တလေး၊ စစ်ကိုင်းနှင့် ကချင်ဈေးကွက်တို့၌သာ တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၇၀၀၀ ကျပ်(၅%မှ ၄၃%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ဈေးကွက်အများစုတွင် ဈေးနှုန်းပြောင်းလဲမှုမရှိပါ။
- ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း နှမ်းနက်ဈေးနှုန်းမှာ ရခိုင်ဈေးကွက်၌ တစ်တင်းလျှင် (၇၆၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဖေဖော်ဝါရီပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၁၅၀၀ကျပ်မှ ၁၁၀၀ကျပ် (၂%မှ ၁၈%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီးအချို့ဈေးကွက်များတွင်တစ်တင်းလျှင် ၆၀၀ကျပ်မှ ၄၅၀၀ကျပ်(၁%မှ ၉%)ခန့်အတွင်းဈေးနှုန်းကျဆင်းကာ အချို့ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။

- နေကြာဈေးနှုန်းမှာ ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း မွန်ပြည်နယ်၌ တစ်တင်းလျှင်(၃၃၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပါသည်။ ဖေဖော်ရီပထမ(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ပဲခူးနှင့် စစ်ကိုင်းတို့တွင် တစ်တင်းလျှင် ၁၀၀၀၀ကျပ်(၃၅%)ခန့် ဈေးနှုန်းအများဆုံးကျဆင်းခဲ့ပြီး ဈေးကွက်အများစုတွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။




| ဈေးကွက်အမည် | မြေပဲ(အတောင့်)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဖေဖော်ဝါရီ ပထမ(၁၅)ရက် | ဖေဖော်ဝါရီ ဒုတိယ(၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၁၇၀၀၀ | ၁၇၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၁၇၆၀၀ | ၁၇၆၀၀ | ၀.၀၀ |
| မန္တလေး | ၁၃၅၀၀ | ၁၅၀၀၀ | (+)၁၁.၁၁ |
| မကွေး | ၁၂၀၀၀ | ၁၂၀၀၀ | ၀.၀၀ |
| ပဲခူး | ၁၂၇၀၀ | ၁၂၇၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၁၆၀၀၀ | ၂၃၀၀၀ | (+)၄၃.၇၅ |
| ကချင် | ၁၉၀၀၀ | ၂၀၀၀၀ | (+)၅.၂၆ |
| ကယား | ၁၂၀၀၀ | ၁၂၀၀၀ | ၀.၀၀ |
| ကရင် | ၁၃၀၀၀ | ၁၃၀၀၀ | ၀.၀၀ |
| ရခိုင် | ၂၂၀၀၀ | ၂၀၀၀၀ | (-)၉.၀၉ |
| ရှမ်း | ၁၃၅၀၀ | ၁၃၅၀၀ | ၀.၀၀ |



# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဖေဖော်ဝါရီ ပထမ (၁၅)ရက် | ဖေဖော်ဝါရီ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၄၇၀၀၀ | ၄၃၀၀၀ | (-)၈.၅၁ |
| ရန်ကုန် | ၅၅၀၀၀ | ၅၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၄၃၀၀၀ | ၄၃၀၀၀ | ၀.၀၀ |
| မကွေး | ၄၀၀၀၀ | ၄၀၀၀၀ | ၀.၀၀ |
| ရေဝတီ | ၄၅၀၀၀ | ၄၁၀၀၀ | (-)၈.၈၉ |
| ပဲခူး | ၄၉၀၀၀ | ၄၅၀၀၀ | (-)၈.၁၆ |
| စစ်ကိုင်း | ၄၅၀၀၀ | ၄၀၀၀၀ | (-)၁၁.၁၁ |
| ကချင် | ၄၅၀၀၀ | ၄၀၀၀၀ | (-)၁၁.၁၁ |
| ကယား | ၃၈၀၀၀ | ၃၈၀၀၀ | ၀.၀၀ |
| ကရင် | ၃၁၀၀၀ | ၃၇၀၀၀ | (+)၁၉.၄၀ |
| မွန် | ၄၄၈၀၀ | ၃၉၂၀၀ | (-)၁၂.၅၀ |
| ရခိုင် | ၄၅၀၀၀ | ၄၀၀၀၀ | (-)၁၁.၁၁ |

## ပဲတီစိမ်းနှင့်မတ်ပဲ

- ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း ပဲတီစိမ်းဈေးနှုန်းမှာရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင်(၅၅၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဖေဖော်ဝါရီလပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ကြည့်လျှင် ပဲခူးနှင့် တနင်္သာရီ ဈေးကွက်တို့တွင် တစ်တင်းလျှင် ၅၀၀၀ ကျပ်(၁၂%)နှင့် ၂၀၀၀ ကျပ်(၅%)ခန့် အသီးသီးဈေးနှုန်းမြင့်တက်ခဲ့သည်မှလွဲ၍ အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်(၂%မှ ၁၆%)ခန့်အတွင်း ဈေးနှုန်းကျဆင်းကာ အချို့ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။
- မတ်ပဲဈေးနှုန်းမှာ ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း ရန်ကုန်ဈေးကွက်၌ပင် တစ်တင်းလျှင် (၅၅၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးရှိနေပြီး ဖေဖော်ဝါရီပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက ကရင်ပြည်နယ်တွင်သာ တစ်တင်းလျှင် ၆၀၀၀ကျပ်(၁၉%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၄၀၀၀ ကျပ်မှ ၅၆၀၀ ကျပ် (၈%မှ ၁၂%)ခန့်အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။
- ပဲစဉ်းငုံဈေးနှုန်းမှာ ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း ရှမ်းပြည်နယ်၌ တစ်တင်းလျှင် (၄၈၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဖေဖော်ဝါရီပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက မန္တလေး၊ ပဲခူးနှင့် ကချင်ဈေးကွက်တို့၌ တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၉၀၀၀ ကျပ်(၆%မှ ၂၆%) ခန့်အတွင်း ဈေးနှုန်းအများဆုံးမြင့်တက်ခဲ့ပြီး စစ်ကိုင်းနှင့် ကချင်ဈေးကွက်တို့၌ တစ်တင်းလျှင် ၂၂၀၀ ကျပ်(၅%)နှင့် ၆၀၀၀ကျပ်(၁၆%)ခန့် အသီးသီးဈေးနှုန်းကျဆင်းကာ အချို့ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။
- ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း ပဲမျိုးစုံဈေးနှုန်းအခြေအနေမှာ ဖေဖော်ဝါရီလ(၁၁)ရက်နေ့တွင် အိန္ဒိယနိုင်ငံသည် ပဲတီစိမ်းအား ကန့်သတ်တင်သွင်းခွင့်ပြုသည့်ကုန်စည်အဖြစ် မူဝါဒပြင်ဆင်သတ်မှတ်ခဲ့ရာ ဈေးကွက်အတွင်း ပဲတီစိမ်းဈေးနှုန်းပြောင်းလဲမှုများ ရှိနေခဲ့ပါသည်။ မတ်ပဲဈေးနှုန်းအခြေအနေမှာ ပြည်တွင်း၌ အသစ်ထွက်ရှိလာသော မတ်ပဲများအား ဈေးနှုန်းချ၍ ဝယ်ယူနေသည့်အပြင် အိန္ဒိယဈေးကွက်တွင်လည်း မြန်မာ့မတ်ပဲ ဈေးနှုန်းကျဆင်းလျက်ရှိခြင်းတို့ကြောင့် ဈေးနှုန်းအနည်းငယ်ကျဆင်းနေခြင်းဖြစ်ပါသည်။ ပဲစင်းငုံဈေးနှုန်းအခြေအနေမှာလည်း အိန္ဒိယနိုင်ငံဘက်မှ လိုအပ်ချက်များနေပြီး ပြည်တွင်းငွေလဲလှယ်ဈေးနှုန်းပြန်လည်မြင့်တက်လာခြင်းကြောင့် ဈေးနှုန်းပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ပဲစင်းငုံ




# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ(ချည်မျှင်ရှည်)




- ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း ဝါ(ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းမှာ နေပြည်တော်၌ (၂၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအများဆုံးဖြစ်နေပြီး ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ပဲခူး၊ စစ်ကိုင်းနှင့် ရှမ်းတို့တွင် တစ်ပိဿာလျှင် ၁၀၀ ကျပ်၊ ၃၀၀ ကျပ်နှင့် ၇၀၀ ကျပ်တို့ဖြင့် အသီးသီးဈေးနှုန်းကျဆင်းနေပြီး မကွေးနှင့် မန္တလေးဈေးကွက်တို့၌ ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။

## ချက်ကြဲ

- ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း ချက်ကြဲဈေးနှုန်းမှာ မန္တလေးတွင် တစ်တန်လျှင်(၆၂၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်၌သာ တစ်တန်လျှင် (၂၀၀၀) ကျပ် ဈေးနှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။




## ရော်ဘာ

ဖေဖော်ဝါရီလဒုတိယ(၁၅)ရက်အတွင်း RSS-3 ရော်ဘာ တစ်ပေါင်ဈေးနှုန်း ပြောင်းလဲမှုအခြေအနေ




Source: Perennial Crops Division, DoA

- RSS-3 ရော်ဘာတစ်ပေါင်ဈေးနှုန်းသည် ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်းတနင်္သာရီဒေသ၌ (၁၁၄၁)ကျပ်မှ(၁၁၉၈)ကျပ်အတွင်း၊ ကရင်ပြည်နယ်၌ (၁၁၀၆)ကျပ်မှ (၁၁၃၇)ကျပ်အတွင်း၊ မွန်ပြည်နယ်၌ (၁၁၃၂) ကျပ်မှ (၁၁၇၁)ကျပ်အတွင်း အသီးသီးဈေးနှုန်း ဖြစ်ပေါ်လျက်ရှိပြီး ဒေသသုံးခု၏ပျမ်းမျှဈေးနှုန်းအနေဖြင့် တစ်ပေါင်လျှင်(၁၁၄၆)ကျပ်ရှိနေပါသည်။ ရော်ဘာဈေးနှုန်းမှာ ယခုကာလအတွင်း အထွက်နှုန်းလျော့နည်းနေမှုကြောင့် ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်၍ဝယ်ယူမှုများရှိနေခြင်း၊ ပြည်တွင်းငွေကြေးတန်ဖိုးကျဆင်းနေခြင်းနှင့် တရုတ်နိုင်ငံဘက်မှ ခိုင်မာသောဝယ်လိုအားရှိနေခြင်းတို့ကြောင့် ရော်ဘာဈေးနှုန်းမှာဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း တဖြည်းဖြည်း မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ




❖ ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း ဈေးကွက်အတွင်းရှိ ကြက်သွန်နီပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၉၅၀)ကျပ် ဖြစ်ပြီး ဖေဖော်ဝါရီပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ရှမ်းပြည်နယ်တွင် တစ်ပိဿာလျှင် ၃၀၀ကျပ်(၄၂%) ဈေးနှုန်းမြင့်တက်ခဲ့ပြီး အချို့ဈေးကွက်များတွင် တစ်ပိဿာလျှင် ၅၀ကျပ်မှ ၃၀ကျပ်(၁၆%မှ ၃၀%)ခန့် အတွင်း ဈေးနှုန်းအနည်းငယ်ကျဆင်းကာ အချို့ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဖေဖော်ဝါရီ ပထမ (၁၅)ရက် | ဖေဖော်ဝါရီ ဒုတိယ (၁၅)ရက် | ခြားနားချက် (%) |
| နေပြည်တော် | ၄၀၀၀ | ၃၀၀၀ | (-)၂၅.၀၀ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၃၀၀၀ | ၃၄၀၀ | (+)၁၃.၃၃ |
| မကွေး | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| ပဲခူး | ၃၂၀၀ | ၃၂၀၀ | ၀.၀၀ |
| ဧရာဝတီ | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၄၅၀၀ | ၄၀၀၀ | (-)၁၁.၁၁ |
| တနင်္သာရီ | ၅၅၀၀ | ၅၅၀၀ | ၀.၀၀ |
| ကချင် | ၄၅၀၀ | ၄၅၀၀ | ၀.၀၀ |
| ကရင် | ၅၀၀၀ | ၄၅၀၀ | (-)၁၀.၀၀ |
| ချင်း | ၆၅၀၀ | ၆၅၀၀ | ၀.၀၀ |
| မွန် | ၄၇၀၀ | ၃၅၀၀ | (-)၂၅.၅၃ |
| ရခိုင် | ၇၀၀၀ | ၃၆၀၀ | (-)၄၈.၅၇ |
| ရှမ်း | ၃၂၀၀ | ၃၂၀၀ | ၀.၀၀ |

○ ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း ကြက်သွန်ဖြူဈေးနှုန်းမှာ ချင်းပြည်နယ်၌ တစ်ပိဿာလျှင် (၆၅၀၀)ကျပ် ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ယခင်(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်၌သာ တစ်ပိဿာလျှင် ၄၀၀ ကျပ်(၂၀%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး အချို့ ဈေးကွက်များတွင် ၅၀၀ကျပ်မှ ၃၄၀၀ကျပ်(၁၀%မှ ၄၈%) ခန့်အတွင်းဈေးနှုန်းကျဆင်းကာ အချို့ဈေးကွက်များ၌ ဈေးငြိမ်လျက်ရှိနေပါသည်။

## ခရမ်းချဉ်




○ ခရမ်းချဉ်ဈေးနှုန်းမှာ ဖေဖော်ဝါရီဒုတိယ(၁၅)ရက် အတွင်း ချင်းပြည်နယ်၌ တစ်ပိဿာလျှင်(၃၅၀၀)ကျပ် ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ဖေဖော်ဝါရီပထမ(၁၅) ရက်နှင့်နှိုင်းယှဉ်ပါက ဈေးကွက်အများစုတွင် တစ် ပိဿာလျှင် ၅၀ ကျပ်မှ ၂၀၀၀ကျပ်(၃%မှ ၆၆%)ခန့် အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိနေပါသည်။

## ငရုတ်(အစို)

○ ငရုတ်(အစို)ဈေးနှုန်းမှာ ဖေဖော်ဝါရီဒုတိယ(၁၅)ရက် အတွင်း နေပြည်တော်ဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး(၆၀၀၀)ကျပ်ရှိနေပြီး ဖေဖော်ဝါရီပထမ(၁၅) ရက်နှင့်နှိုင်းယှဉ်ပါက နေပြည်တော်ဈေးကွက်၌ တစ် ပိဿာလျှင်၃၀၀၀ကျပ်(၁၀၀%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ သော်လည်း မန္တလေး၊ စစ်ကိုင်းနှင့် တနင်္သာရီတို့၌ တစ်ပိဿာလျှင် ၁၀၀ကျပ်မှ ၅၀၀ကျပ်(၇%မှ ၁၈%) ခန့်အတွင်း ဈေးနှုန်းအနည်းငယ်ကျဆင်းလျက်ရှိပြီး ဈေးကွက်အများစုတွင် ဈေးငြိမ်နေပါသည်။




## ငရုတ်(အခြောက်)

○ ငရုတ်(အခြောက်)ဈေးနှုန်းမှာ ဖေဖော်ဝါရီဒုတိယ(၁၅) ရက်အတွင်း ရန်ကုန်ဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး(၁၀၀၀၀)ကျပ်ရှိနေပြီး ဖေဖော်ဝါရီပထမ (၁၅)ရက်နှင့်နှိုင်းယှဉ်ပါက နေပြည်တော်ဈေးကွက်၌ သာ တစ်ပိဿာလျှင် ၃၀၀၀ကျပ်(၅၀%)ခန့် ဈေးနှုန်း အများဆုံးမြင့်တက်ခဲ့သော်လည်း ဈေးကွက်အများစု တွင် ဈေးနှုန်းသိသာစွာ ပြောင်းလဲမှုမရှိခဲ့ပါ။




# အသား/ ငါးနှင့် ဥအမျိုးမျိုး

### ၂၀၂၂ခုနှစ် ဖေဖော်ဝါရီလဒုတိယ(၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိဿာ | ၁၂၀၀၀ | ၃၀၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ငါးကြင်း(ဖြူ) | ။ | ၈၀၀၀ | ၉၀၀၀ | ၉၀၀၀ | - |
| ငါးကြင်း(နီ) | ။ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | - |
| ငါးမြင်း | ။ | ၁၀၀၀၀ | - | - | - |
| ငါးတန် | ။ | ၇၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၁၁၅၀၀ |
| ငါးခူ | ။ | ၁၀၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၂၀၀၀ |
| ငါးကျည်း | ။ | ၁၀၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ။ | ၁၀၀၀၀ | ၁၂၀၀၀ | - | ၇၀၀၀ |
| ကကတစ် | ။ | ၁၅၀၀၀ | ၁၂၀၀၀ | - | ၁၂၀၀၀ |
| တီလားပီးယား | ။ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၇၀၀၀ |
| ပြည်ကြီးငါး | ။ | ၁၇၀၀၀ | ၂၄၀၀၀ | - | ၁၀၅၀၀ |
| ကင်းမွန် | ။ | ၁၅၀၀၀ | ၂၀၀၀၀ | - | ၈၅၀၀ |
| **ပုဇွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ။ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ | ၃၅၀၀၀ |
| ပုစွန်ကျော့ | ။ | ၁၅၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ |
| ပုစွန်ဆိတ် | ။ | ၇၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ။ | ၁၆၀၀၀ | - | ၁၀၀၀၀ | ၁၃၅၀၀ |
| ကဏန်းမာ | ။ | ၈၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၈၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၅၀၀ |
| ကြက်(ဒေသ) | ။ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဘဲ | ။ | ၁၃၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၁၄၀၀၀ |
| ဝက် | ။ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ |
| အမဲ | ။ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၁၈၀၀၀ |
| ဆိတ် | ။ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက် | လုံး | ၁၅၀ | ၁၅၀ | ၁၂၀ | ၁၅၀ |
| ဘဲ | ။ | ၁၈၀ | ၂၅၀ | ၂၀၀ | ၁၅၀ |
| ငုံး | ။ | ၆၀ | ၃၀ | ၃၀ | ၅၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## ပြည်တွင်းသတင်းများ

### မျိုးစေ့ပြပွဲ-၂၀၂၂ တွင်ကျင်းပခဲ့သော စကားဝိုင်း၊ ဆွေးနွေးပွဲနှင့် တောင်သူများ နည်းပညာဆွေးနွေးဖလှယ်ပွဲများမှတစ်ဆင့် စိုက်ပျိုးရေးကဏ္ဍအတွက် ရလာဒ်ကောင်း များရရှိခဲ့ခြင်း

- မျိုးစေ့ပြပွဲ-၂၀၂၂(Seed Fair 2022)ကို နေပြည်တော် ကောင်စီနယ်မြေတွင် (၁၈.၂.၂၀၂၂)ရက်နေ့မှ (၂၂.၂.၂၂) ရက်နေ့ထိ (၅)ရက်တိုင်တိုင်ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ ပြပွဲတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ စားသုံးနိုင်သောသီးနှံများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံမျိုးစေ့များ၊ ပျိုးပင်

များနှင့် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော သီးနှံစိုက်ခင်းများကို ပြသခဲ့ကြောင်း၊

- ပြပွဲ၏ရည်ရွယ်ချက်မှာ “လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့(Seed for Prosperity)” ဟူသောဆောင်ပုဒ်နှင့်အညီအရည်အသွေးကောင်းမွန်သော မျိုးစေ့များ စိုက်ပျိုးအသုံးပြု၍ နိုင်ငံတော်၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရန်နှင့် စိုက်ပျိုးရေးကဏ္ဍတွင် အရည်အသွေးပြည့်မီသောမျိုးစေ့များကို အသုံးပြုနိုင်ရန် ရည်ရွယ်ကြောင်း၊
- ပြပွဲ၏ပထမနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်၍ ပြပွဲကိုဖွင့်လှစ်ပေးခဲ့ပြီး ခင်းကျင်းပြသထားသော ပြပွဲခန်းမ၊ အိမ်မြဲဝန်းဒေးဟင်းခင်းပဒေသာနှင့် စိုက်ခင်းများ၊ GAP စိုက်ခင်းများနှင့် စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)ကျောင်းဝန်းရှိ စက်မှုလက်မှုကဏ္ဍ၊ ကျောင်းရုံးခန်း၊ ရေးဟောင်း အဆောက်အအုံများ၊ စိုက်ပျိုးရေးသုံး စက်ယန္တရားဟောင်းများ၊ ဓာတ်ခွဲခန်းသုံးစက်ကိရိယာများနှင့်အခြားပစ္စည်းများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း၊
- ပြပွဲ၏ဒုတိယမြောက်နေ့တွင်“လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့ (Seed for Prosperity)” စကားဝိုင်းကို စိုက်ပျိုးရေးပညာရှင်များ၊ တောင်သူများ၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများပါဝင်၍ ကျင်းပပြုလုပ်ခဲ့ပြီး ဆွေးနွေးမှုရလာဒ်များအနေဖြင့် မျိုးစေ့ကဏ္ဍပိုမိုတိုးတက်ခိုင်မာစေရေး မြန်မာနိုင်ငံမျိုးစေ့အသင်းနှင့် မျိုးစေ့ဌာနခွဲပူးပေါင်းဆောင်ရွက်ရန်၊ နေပြည်တော်အားစံပြ Model တစ်ခုအနေဖြင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး ဆောင်ရွက်ရန်၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရာတွင် နည်းပညာနှင့် အရည်အသွေး စံချိန်စံညွှန်းများမီအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ ထုတ်လုပ်သူများမှလည်း မျိုးစေ့ဥပဒေကိုတိတိကျကျလိုက်နာရန်၊ အပင်ရောင်မိုစေ့ ရောဂါဒဏ်ခံနိုင်သောမျိုးများနှင့် တောင်သူများလက်ခံနိုင်သော မတ်ပဲများအမြန်ဆုံးကြိုးပမ်းထုတ်လုပ်ရန်၊ကိုယ့်မျိုးကိုယ်ပြန်သုံးရာတွင် မျိုးစေ့ထက် အရည်အသွေးလျော့ပါးသဖြင့် မျိုးကွဲပယ်ခြင်းလုပ်ငန်းများကိုမဖြစ်မနေဆောင်ရွက်ရန်၊ Certified Seed စိုက်သော တောင်သူများမှာ ရင်းနှီးမြုပ်နှံမှုများပြားသဖြင့် ချေးငွေပံ့ပိုးရန်၊ ယခုဆွေးနွေးပွဲစကားဝိုင်းကဲ့သို့ မျိုးကောင်းမျိုးသန့် တင်သွင်းရေးနှင့် စပ်လျဉ်း၍ Sanitary နှင့် Phytosanitary စကားဝိုင်းများလုပ်ဆောင်ရန် စသည့် ဆွေးနွေးပွဲရလာဒ်များ ရရှိခဲ့ကြောင်း၊
- တတိယမြောက်နေ့တွင် “ဝါသီးနှံဖွံ့ဖြိုးဖို့ အားလုံးကြိုးပမ်းစို့(Farmer to Farmer Exchange Program for Enhancing Cotton Industry)”ဆွေးနွေးပွဲကို ဝါစိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တွင်ပါဝင်သော ဝါစိုက်တောင်သူများမှ ဦးဆောင်ဆွေးနွေးကျင်းပရာတွင် ဆွေးနွေးမှုရလာဒ်များမှာ ဝါစိုက်ပျိုးထုတ်လုပ်မှုအောင် မြင်နိုင်ရန် Contract Farming ဖြင့်ဆောင်ရွက်ရန်နှင့် ကျေးရွာအဆင့်မှစတင်၍ အသင်းအဖွဲ့များ ဖွဲ့စည်းရန်၊ ကြုံတွေ့ရသောအခက်အခဲများကိုတောင်သူအချင်းချင်းဖလှယ်၍ ရလာဒ်ကောင်းများကို အဆင့်ဆင့်လက်ဆင့်ကမ်းဖြန့်ဝေရန်၊ ဈေးကွက်မတည်ငြိမ်မှုကြောင့် တောင်သူများအခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးလာသဖြင့် ဝါစိုက်ဧကနှင့် အရည်အသွေးများမှာ ကျဆင်းနေသောကြောင့် ဈေးကွက်ခိုင်မာရေးဆောင်ရွက်ရန်နှင့် ပြည်ပတင်သွင်းမှုများလျော့ချရန်၊ Contract farming စနစ်ဖြင့် မျိုးစေ့ထုတ်လုပ်ရေးနှင့်ဝယ်ယူရေးလုပ်ငန်းများကိုဆောင်ရွက်သွားရန်နှင့် မြန်မာနိုင်ငံမျိုးစေ့အသင်းနှင့် ဝါထုတ်လုပ်သူများအသင်းတို့ပူးပေါင်းဆောင်ရွက်ရန်၊ သွင်းအားစုအနေဖြင့် သဘာဝမြေသြဇာများကိုပိုမိုအသုံးပြုရန်၊ မြေအမျိုးအစားပေါ်မူတည်၍ စနစ်တကျအသုံးပြုရန်နှင့် စိုက်စနစ်မှန်ကန်စွာစိုက်ပျိုးရန်၊ ရောင်းဝယ်ရေးကဏ္ဍတွင်ပွဲစားမှတစ်ဆင့်ရောင်းချမည့်အစား တောင်သူအသင်းအဖွဲ့များ ဖွဲ့၍ ရောင်းချရန်နှင့် အဆင့်အလိုက် ဈေးနှုန်းခွဲခြား၍ ဝယ်ယူရန် စသည့် ဆွေးနွေးပွဲရလာဒ်များရရှိခဲ့ကြောင်း၊
- ပြပွဲ၏ စတုတ္ထမြောက်နေ့တွင်လည်း “စိုက်ပျိုးပညာရယူဖို့ ICTကိုသုံးကြစို့ (ICT based Extension Activities in Agriculture)” စကားဝိုင်းကျင်းပပြုလုပ်ခဲ့ပြီး ဆွေးနွေးမှုရလာဒ်များအနေဖြင့် တောင်သူများ လိုအပ်သောသတင်းအချက်အလက်များကို Application, Device, Web page တို့တွင် ထည့်သွင်းပေးရန်နှင့် တောင်သူများလွယ်လင့်တကူအသုံးပြုနိုင်ရန် ရိုးရှင်းလွယ်ကူသော KISS(keep it short and simple) ကိုအခြေခံထား၍ ရေးဆွဲထည့်သွင်းရန်၊ ICT နည်းပညာအပြင်အခြားနည်းများနှင့် စိုက်ပျိုးနည်းပညာများကို ရယူသုံးစွဲရာတွင် ရယူခြင်းနှင့် သုံးစွဲခြင်းနှစ်ခုရှိသဖြင့် တောင်သူများရယူရုံမက သုံးစွဲနိုင်ရန်ပါ ကြိုးပမ်းဆောင်ရွက်ရန်၊ ဌာနမှ ICTနည်းပညာဖြင့် ဆောင်ရွက်ထားသော Application, Web page များအား ရိုးရှင်းသောပုံစံဖြင့်စုစည်းနိုင်ရန် ဆောင်ရွက်ရန်စသည့်ဆွေးနွေးမှုရလာဒ်များရရှိခဲ့ကြောင်း၊
- ပဉ္စမမြောက်နေ့တွင် “မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ” စကားဝိုင်းကျင်းပပြုလုပ်ခဲ့ပြီး ဆွေးနွေးမှုရလာဒ်များမှာ မျိုးစေ့စိုက်ပျိုးထုတ်လုပ်သူ (Seed Production Association)များအတွက် Procedure နှင့်Policy ချမှတ်၍ Financing Model တစ်ခုထွက်ပေါ်လာစေရေးဆောင်ရွက်ရန်၊ တောင်သူများအတွက် Seed Production Association အသင်းတည်ထောင်ပြီး မြို့နယ်အခြေပြု Revolving Fund တည်ထောင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ Contract Farming ဆိုင်ရာ မူဝါဒရှိပြီးဖြစ်သော်လည်းဥပဒေနှင့်အညီ ထိန်းချုပ်နိုင်ရေးစီစဉ်ဆောင်ရွက်ရန်၊ လာမည့်နှစ်တွင် (သရက်၊ ကော်ဖီ၊ကိုကိုး) ပြပွဲ၊ ပြိုင်ပွဲများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း သက်ဆိုင်ရာရာသီအလိုက် ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ဆောင်ရွက်သွားရန်၊ ဝါသီးနှံအခြေခံရည်ညွှန်းဈေးသတ်မှတ်ပေးရန်၊ ပဲမျိုးစုံ ကဏ္ဍ၏ Seed Flow အတွက်ဆောင်ရွက်ရန်၊ မျိုးကောင်းမျိုးသန့်တင်သွင်းရေးနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်လျက်ရှိသည့် Sanatoryနှင့် Phytosanitary ပတ်သက်သည့် လုပ်ငန်းစဉ်များ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်၊ Myanmar Seed Association(MSA)သည် MOALIမှတရားဝင်ဖွဲ့စည်းပေးထားသည့်အဖွဲ့ဖြစ်သည့်အတွက် MSA ၏ (Structure, Responsibility, Procedure, Policy, Law)တို့ကို ရေးဆွဲရန်နှင့် စိုက်ပျိုးရေးဦးစီးဌာနကို ဦးဆောင်ညွှန်ပြသည့်ကဏ္ဍ (Mentor)အဖြစ်ထားရှိရန်၊ MSA အနေဖြင့် (၂၀၂၂-၂၃) ခုနှစ်အတွက် planရေးဆွဲပြီးပါက စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြရန်၊ MSA အနေဖြင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးစေ့ထုတ်လုပ်ငန်းဆိုင်ရာ ပိုမိုအကျိုးရှိထိရောက်စေရေး ဌာနဝန်ထမ်းများ၏ Conference တက်ရောက်နိုင်ရေး Scholar -ship programများတွင် ပူးပေါင်းကူညီသွားရန်၊ မြန်မာနိုင်ငံမျိုးစေ့ထုတ်အသင်းအနေဖြင့် နိုင်ငံတကာဆက်ဆံရေးဌာန(international relation)ဖွင့်၍ မျိုးစေ့ထုတ်သူများအတွက်အကာအကွယ်ပေးရန်၊ MSA ကို နေပြည်တော်တွင် ရုံးခွဲထားရှိ၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် ယခုထက်ပို၍ ပူးပေါင်းကာ တိုင်းရင်းသားလုပ်ငန်းရှင်များပါဝင်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံသို့ သွင်းကုန်အဖြစ်တင်သွင်းရာတွင် အဆင်ပြေလွယ်ကူသော်လည်း မြန်မာနိုင်ငံမှ ပို့ကုန်အဖြစ်တင်ပို့ရာတွင် အခက်အခဲများရှိသဖြင့် International Trade အတွက် ကုန်သွယ်ရေးဆောင်ရွက်မည့်နိုင်ငံများနှင့် Business to Business (B to B)ဆွေးနွေးညှိနှိုင်းပြီး အခက်အခဲဖြစ်စေသည့် အကြောင်းအရာများရှိခဲ့ပါက Government to Government (G to G) ဆက်လက်ညှိနှိုင်းနိုင်ရေး ကုန်သွယ်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ဆွေးနွေးတိုင်ပင်ကာ ASEANဆိုင်ရာပွဲများတွင်တင်ပြရန်၊“တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး” ဆွေးနွေးပွဲများတွင် နိုင်ငံတော်အစိုးရထံ စိုက်ပျိုးရေးဦးစီးဌာနမှတင်ပြနိုင်သည့် Platform တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကြုံတွေ့ရသည့် အခက်အခဲနှင့် တောင်သူများတွေ့ကြုံရသည့် အခက်အခဲများ တင်ပြရန်၊ ICT အသုံးပြုစိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်နှင့် နည်းပညာစုဆောင်းမှုနှင့်ပတ်သက်၍ တနိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် စစ်တမ်းကောက်ယူနိုင်ရေးဆောင်ရွက်ရန် စသည့်ရလာဒ်များရရှိခဲ့ကြောင်း၊
- မျိုးစေ့ပြပွဲ၂၀၂၂ (Seed Fair 2022)ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်းနှင့် စကားဝိုင်း၊ ဆွေးနွေးပွဲနှင့် တောင်သူများနည်းပညာဆွေးနွေးဖလှယ်ပွဲများမှ တစ်ဆင့်ရရှိလာသောရလာဒ်များအား အစိုးရ၊ ပုဂ္ဂလိကနှင့် ကုမ္ပဏီများမှ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက စိုက်ပျိုးရေးတွင် လက်ရှိဆောင်ရွက်နေသော ICT နည်းပညာများကို ပိုမိုကောင်းမွန်စွာ အသုံးချဆောင်ရွက်နိုင်ပြီး သီးနှံအရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ရေးကိုပါ အထောက်အကူဖြစ်စေကြောင်း သိရှိရပါသည်။

ဒေါ်ဧကရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန
Source: စကားဝိုင်းဆွေးနွေးပွဲ ပြောကြားချက်များမှ ကောက်နှုတ် ဖော်ပြထားခြင်းဖြစ်ပါသည်။

## ခိုင်မာသောနိုင်ငံခြားဝယ်လိုအားကြောင့် မြန်မာ့ရော်ဘာဈေးနှုန်း မြင့်တက်လာခြင်း

- ရော်ဘာကုန်သည်များ၏ပြောကြားချက်အရအမေရိကန်ဒေါ်လာနှင့်ဆန့်ကျင်၍ မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းနေခြင်းနှင့် တရုတ်မှဝယ်လိုအားခိုင်မာနေသောကြောင့် ရော်ဘာဈေးနှုန်းများမြင့်မားလျက်ရှိကြောင်း၊ တရုတ်မှ

ဝယ်လိုအားမြင့်မားသောကြောင့် ဖေဖော်ဝါရီ(၁၁)ရက်နေ့တွင် Local 3 နှင့် Ribbed Smoked Sheet 3 မျိုးများ၏ဈေးနှုန်းမှာ တစ်ပေါင်လျှင် မြန်မာငွေ(၁၁၀၀)ကျပ်နှင့်အထက်ရှိကြောင်း၊

- ယခင်နှစ်ကိုဗစ်-၁၉ကာလ နောက်ဆက်တွဲအကျိုးဆက်ကြောင့် တရုတ်နှင့်မြန်မာတို့အကြား ကုန်သွယ်မှုနှောင့်နှေးပြီးနောက် ယခုအခါ ကုန်သွယ်မှုလမ်းကြောင်းများပြန်လည်ဖွင့်လှစ်နေပြီဖြစ်ကြောင်း၊ မြန်မာမှ ရော်ဘာ၊ ပဲမျိုးစုံ၊ ဇီးသီးခြောက်၊ ဖရဲ၊ သခွားမွှေးနှင့် အခြားစားသောက်ကုန်ပစ္စည်းများကိုကျင်စမ်းကျော့နယ်စပ်မှဖြတ်၍ တရုတ်သို့ နေ့စဉ်တင်ပို့လျက်ရှိကြောင်း၊ ရော်ဘာထုတ်လုပ်မှုမြင့်မားသော မွန်ပြည်နယ်၊စိုက်ပျိုးရေးဦးစီးဌာန၏အချက်အလက်များအရ တစ်နှစ်လျှင် ရော်ဘာပေါင်သန်း(၂၄၀)နှင့်အထက်ထုတ်လုပ်လျက်ရှိကြောင်း၊
- မွန်ပြည်နယ်အခြေစိုက် အကျိုးအမြတ်မယူသော အဖွဲ့အစည်း The National Enlightenment Institute (NEI)သည် (၂၀၂၁)ခုနှစ် မေလမှစ၍ ရော်ဘာလုပ်ငန်းမြင့်မားစေရန် PUM နယ်သာလန် နိုင်ငံကျွမ်းကျင်သူများထံမှ နည်းပညာအကူအညီ ရယူထားပြီးဖြစ်ကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သိရှိရပါကြောင်း၊
- ရော်ဘာကို မွန်နှင့် ကရင်ပြည်နယ်၊ တနင်္သာရီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိပါကြောင်း၊ (၂၀၁၈-၁၉)ခုနှစ် ရော်ဘာ အချက်လက်များအရ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးဧက (၁.၆၂၈)သန်းနှင့်အထက်ရှိကြောင်း၊ မွန်ပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး စိုက်ဧက(၄၉၇,၁၅၃)ဧကရှိပြီး တနင်္သာရီ၌ (၃၄၈,၃၄၄)ဧကနှင့် ကရင်ပြည်နယ်၌ (၂၇၀,၇၆၀)ဧကရှိကြောင်း၊
- နိုင်ငံတစ်ဝှမ်း နှစ်စဉ်ရော်ဘာတန်ချိန်(၃၀၀,၀၀၀) တန်ခန့်ထုတ်လုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ရော်ဘာထုတ်လုပ်မှု(၇၀)ရာခိုင်နှုန်းခန့်ကိုတရုတ်သို့တင်ပို့လျက်ရှိကြောင်း၊ မြန်မာ့ရော်ဘာစိုက်ပျိုးသူများနှင့် ထုတ်လုပ်သူများအသင်းအရ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ ကိုရီးယား၊ အင်ဒိုနီးရှား၊ ဂျပန်နှင့် အခြားနိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း၊
- မြန်မာနိုင်ငံမှ ရော်ဘာ(၃၀၃,၂၉၃) မက်ထရစ်တန်ကို ပြည်ပကုန်သွယ်မှုမိတ်ဖက်များသို့ တင်ပို့ခဲ့ပြီး မြန်မာ့အကောက်ခွန်ဦးစီးဌာန၏ အချက်အလက်များအရ (၂၀၂၀-၂၁)ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ(၄၄၉)သန်းနှင့်အထက်ရရှိခဲ့ကာ(၂၀၁၉-၂၀)ဘဏ္ဍာရေးနှစ်နှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ (၁၈၄.၆) သန်း တန်ဖိုးရှိသော(၈၉,၈၈၀)မက်ထရစ်တန်အထိ တိုးလာခဲ့ကြောင်း (၁၂.၂.၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/rubber-price-in-bull-market-on-strong-foreign-demand/

## မြန်မာနိုင်ငံမှ ပြောင်းပမာဏအမြောက်အများကို မြဝတီနယ်စပ်မှ ထိုင်းနိုင်ငံသို့ အကောက်ခွန်သက်သာခွင့်သုညရာခိုင်နှုန်းဖြင့်တင်ပို့လျက်ရှိခြင်း

- မြန်မာနိုင်ငံသည် မြဝတီနယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြောင်းအမြောက်အများကို အကောက်ခွန်သက်သာခွင့်သုညရာခိုင်နှုန်းဖြင့် တင်ပို့လျက်ရှိပြီး တင်ပို့သည့်ပြောင်းဈေးနှုန်းသည်တစ်ပိဿာလျှင် ကျပ်(၈၀၀)ကျော်ရှိကြောင်း ပြောင်းကုန်သည်များထံမှ သိရှိရပါကြောင်း၊ ထိုင်းနိုင်ငံဘက်မှ ပြောင်းတင်သွင်းမှုကို ဖေဖော်ဝါရီ(၁)ရက်မှ ဩဂုတ်(၃၁)ရက်အထိမဲဆောက်ဂိတ်မှ သွင်းကုန်အကောက်ခွန်သက်သာခွင့်သုညရာခိုင်နှုန်း (Form-D) ဖြင့် ခွင့်ပြုမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ သည် ဖေဖော်ဝါရီမှ ဩဂုတ်အတွင်း ပြောင်းတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပြုထားမည်ဖြစ်ကြောင်း၊ သို့သော် ပြောင်းစိုက်ပျိုးသည့်ရာသီအတွင်း ပြောင်းတင်သွင်းလာပါက စိုက်ပျိုးသူများ၏အခွင့်အရေးကိုကာကွယ်ရန် အမြင့်ဆုံးအခွန်(၇၃)ရာခိုင်နှုန်းပေးဆောင်ရန်ချမှတ်ထားကြောင်း၊
- လက်ရှိ(၂၀၂၁-၂၂)ခုနှစ် ပြောင်းစိုက်ပျိုးသည့်ရာသီတွင် မြန်မာနိုင်ငံမှ ပြည်ပဈေးကွက်သို့ ပြောင်းတန်ချိန် (၁.၅)သန်းတင်ပို့ရန် ရည်မှန်းထားကြောင်း၊ လွန်ခဲ့သည့် (၂၀၂၀-၂၁)ဘဏ္ဍာနှစ်တွင် ထိုင်းနိုင်ငံသို့ ပြောင်းတန် ချိန်(၁.၇)သန်းကျော်ကို တင်ပို့နိုင်ခဲ့ကြောင်း၊
- ပြည်တွင်းငွေလဲဈေးကွက်တွင် အမေရိကန်ဒေါ်လာတစ်ဒေါ်လာအပေါ်၌ ကျပ်ငွေတန်ဖိုးကျဆင်းလာမှုနှင့် နိုင်ငံခြားငွေဝယ်လိုအား မြင့်တက်လာမှုတို့ကြောင့် ဈေးနှုန်းမြင့်တက်မှုများ ဆက်လက်ဖြစ်ပေါ်နေကြောင်း၊ ရန်ကုန်ဈေးကွက်၌ ပြောင်းတစ်ပိဿာလျှင် ကျပ်(၈၂၀) မှ (၈၄၀)အထိရှိနေကြောင်း၊ ယခင်နှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပကုန်သွယ်မှုမိတ်ဖက်များထံသို့ ပြောင်းတန်ချိန်(၂.၃)သန်း တင်ပို့ခဲ့ပြီး အများစုကို ထိုင်းနိုင်ငံသို့တင်ပို့ခြင်းဖြစ်ပြီး တရုတ်၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း၊
- ရှမ်း၊ ကချင်၊ ကယား၊ ကရင် ပြည်နယ်များနှင့် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ပြောင်းစိုက်ပျိုးလျက်ရှိကြောင်း၊ ပြောင်းစိုက်ပျိုးသည့်ရာသီအနေဖြင့် ဆောင်းရာသီ၊ နွေရာသီနှင့် မုတ်သုံ(မိုး)ရာသီဟူ၍ (၃)မျိုးရှိကာ နှစ်စဉ်ပြောင်းတန်ချိန်ပေါင်း (၂.၅)သန်းမှ (၃)သန်းအထိထွက်ရှိကြောင်း (၁၅.၂.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light Of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဦးဖုန်းမြတ်ဝင်းမောင်မောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/myawady-border-sees-abundant-corn-supply-to-thailand-under-zero-tariff

## အိန္ဒိယနိုင်ငံသည် ပဲတီစိမ်းသွင်းကုန်ခွင့်ပြုသည့်ပမာဏအပေါ် သွင်းကုန်မူဝါဒ ပြောင်းလဲသတ်မှတ်ခြင်း

- အိန္ဒိယနိုင်ငံသည် ယခင်ကကုန်သွယ်ခဲ့သည့် ပဲတီစိမ်းအပေါ် တင်သွင်းခွင့်ကန့်သတ်ထားကြောင်း ဖေဖော်ဝါရီ(၁၁)ရက်နေ့တွင်ထုတ်ပြန်ခဲ့သော အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် S.O 624 (E)အရ သိရှိရပါကြောင်း၊
- အိန္ဒိယနိုင်ငံသည် မတ်ပဲနှင့် ပဲစဉ်းငုံအတွက် ကုန်စည်တင်ပို့မှုနှင့်ပတ်သတ်သည့် အခြေအနေများကို (၂၀၂၂) ခုနှစ်၊ မတ်လ(၃၁)ရက်နေ့အထိ လျှော့ပေါ့ပေးခဲ့သော်လည်း ဖေဖော်ဝါရီ(၁၁)ရက်မှစ၍ ပဲတီစိမ်းတင်ပို့မှုကို စတင်ကန့်သတ်ခဲ့ကြောင်း၊
- မူဝါဒအပြောင်းအလဲများကြောင့် ဖေဖော်ဝါရီ(၁၁)ရက်နေ့နောက်ပိုင်းတွင် မြန်မာနိုင်ငံမှ တင်ပို့သော ပဲတီစိမ်းများ၏ သယ်ယူစရိတ်များအပေါ် ထိခိုက်စေနိုင်ကြောင်း၊ ယင်းပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် မလိုလားအပ်သော ဈေးနှုန်းများကျဆင်းမှုများအတွက် ဖေဖော်ဝါရီ(၁၄)ရက်နေ့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ညှိနှိုင်းအစည်းအဝေးပွဲတွင် ဈေးကွက်ကို ထိန်းချုပ်ရန်နှင့် အိန္ဒိယနိုင်ငံသို့ ပို့ကုန်ဆက်လက်တင်ပို့နိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း၊
- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာပွင့်ဆန်းမှ အိန္ဒိယနိုင်ငံနှင့် အစိုးရချင်းညှိနှိုင်းမှုမှတစ်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် သက်ဆိုင်ရာအသင်းအဖွဲ့အနေဖြင့် ဈေးကွက်တည်ငြိမ်ရေးနှင့် ပိုမိုကောင်းမွန်သောဈေးနှုန်းကိုပေးဆောင်နိုင်သည့် ဥရောပသမဂ္ဂ အပါအဝင် ပြင်ပဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်ရေးအတွက် ကြိုးပမ်းကြရန် လိုအပ်ကြောင်း၊
- နိုင်ငံတစ်ဝှမ်းတွင်ပဲမျိုးစုံစိုက်ဧက(၉.၉)သန်းရှိပြီး နှစ်စဉ်တန်ချိန်(၄.၁)သန်းထွက်ရှိပြီး(၂၀၂၀-၂၁)ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပဲတီစိမ်းတန်ချိန်(၇၀၀,၀၀၀)ခန့်ကို ပြည်ပကုန်သွယ်ဖက်နိုင်ငံ(၆၄)နိုင်ငံသို့တင်ပို့ခဲ့ကြောင်း၊
- Mini-budget ကာလ (၂၀၂၁)ခုနှစ် အောက်တိုဘာ(၁)ရက်မှ (၂၀၂၂)ခုနှစ် ဖေဖော်ဝါရီ(၄)ရက်နေ့ထိ ပဲတီစိမ်းတန်ချိန် (၁၄၇,၃၂၆)တန်ကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ခဲ့ပြီး ၎င်းတို့အနက်မှ (၁၈,၈၄၂)တန်ကို အိန္ဒိယဈေးကွက်သို့ တင်ပို့ခဲ့ပြီး၊ ပဲတီစိမ်းတင်ပို့မှုအနေဖြင့် (၁၂)ရာခိုင်နှုန်းရှိကြောင်း (၁၆.၂.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Global New Light Of Myanmar ကွန်ယက်၏သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/india-changes-import-policy-on-green-gramquota/

# ပြည်ပသတင်းများ

## အီကွေဒေါနိုင်ငံသည် တရုတ်နိုင်ငံသို့ နဂါးမောက်သီးတင်ပို့ရန် ခွင့်ပြုချက်ရရှိခဲ့ခြင်း

- ✓ အီကွေဒေါနိုင်ငံသမ္မတ Guillermo Lassoသည် ဇန်နဝါရီ လကုန်တွင် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး အဆိုပါ ခရီးစဉ်၏ရည်ရွယ်ချက်များအနက်တစ်ခုမှာ အီကွေဒေါ မှ တရုတ်နိုင်ငံသို့ နဂါးမောက်သီးတင်ပို့မှု ခွင့်ပြုချက် ရရှိမည့် ကုန်သွယ်ရေးညှိနှိုင်းမှုကို အပြီးသတ်လုပ် ဆောင်ရန်ဖြစ်ကြောင်း၊ အဆိုပါညှိနှိုင်းမှု ပြီးဆုံးပြီး ချိန်တွင် အစိုးရကိုယ်စားလှယ်တစ်ဦးသည် တရုတ်နိုင်ငံ နှင့် Ecuador နိုင်ငံအကြား တရားဝင်သဘောတူညီ ချက် လက်မှတ်ရေးထိုးရန် တရုတ်နိုင်ငံသို့ ရက်အနည်း ငယ်သွားရောက်ခဲ့ကြောင်း၊
- ✓ လက်ရှိတွင် အီကွေဒေါနိုင်ငံ နဂါးမောက်သီးစက်ရုံ များမှ နဂါးမောက်သီးများအား တရုတ်ဈေးကွက်သို့ တင်ပို့ရန်အတွက် ပိုးမွှားသန့်စင်မှုနှင့် စစ်ဆေးမှုလိုအပ်ချက်များကိုလုပ်ဆောင်ရန် နောက်ဆုံးအဆင့်လုပ်ငန်းကို ပြီးစီးနေပြီဖြစ်ကြောင်း၊ တရုတ်ဈေးကွက်အတွက်

လေကြောင်း ကုန်စည်ပို့ဆောင်ရေးမှတဆင့် ပထမဆုံး နဂါးမောက်သီးများ ရောက်ရှိတော့မည်ဖြစ်ပြီး ပင်လယ်ရေကြောင်းကုန်စည်ပို့ဆောင်မှုဖြစ်နိုင်ခြေကို ဆန်းစစ်မည်ဖြစ်ကြောင်း၊

- ✓ အီကွေဒေါနိုင်ငံမှထုတ်ကုန်များသည် မြင့်မားသော ကုန်စည်အရည်အသွေး၊ လှပသောအသွင်အပြင်(အပြစ်အနာအဆာမရှိ)၊ ထင်ရှားတောက်ပသောအရောင်နှင့် သင့်တော်သောအရွယ်အစားများရှိကြောင်း အာမခံနိုင်ပြီးနဂါးမောက်စိုက်ပျိုးသူတောင်သူများတွင် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများနှင့် ကမ္ဘာလုံးဆိုင်ရာ(GAP)အသိအမှတ်ပြုလက်မှတ်များလည်းရှိကြောင်း သိရှိရကြောင်း၊
- ✓ အီကွေဒေါနိုင်ငံသည် အနီရောင်နှင့် အဝါရောင် နဂါးမောက်သီးများ ထုတ်လုပ်လျက်ရှိပြီး (၂၀၂၇) ခုနှစ်တွင် အဝါရောင်နဂါးမောက်သီးစိုက်ပျိုးသည့်ဧရိယာအကျယ် အဝန်းအား(၆,၀၄၂)ဟက်တာသို့ တိုးချဲ့ရန်မျှော်မှန်းထားပြီး အနီရောင်နဂါးမောက်သီးစိုက်ပျိုးသည့်ဧရိယာအကျယ်အဝန်းအား (၃,၀၀၀)ဟက်တာသို့ တိုးချဲ့ရန်မျှော်မှန်းထားကြောင်း၊ ထုတ်လုပ်မှုပမာဏမှာ တန်ချိန် (၆၀,၄၂၀,၇၁၄) ခန့်မှန်းထားပြီး (၇၀)ရာခိုင်နှုန်းမှာ ပို့ကုန်ဈေးကွက်အတွက် ရည်ရွယ်ထားကြောင်း၊
- ✓ နိုင်ငံတကာဈေးကွက်တွင် အဝါရောင်နဂါးမောက်သီးများသည်အလွန်ရေပန်းစားကြောင်း၊ အဝါရောင်နဂါးမောက်သီးအမျိုးအစားအား လူအများအကျွမ်းတဝင်မသိကြသေးကြောင်း၊ အရသာနှင့် အရောင်နှစ်မျိုးစလုံးသည် ထူးခြားပြီး ဝယ်ယူသူများ၏ အာရုံကိုဆွဲဆောင်နိုင်ကြောင်း၊ အဝါရောင်နဂါး မောက်သီး၏ BRIX တန်ဖိုး(သကြားပါဝင်မှုပမာဏ)သည် (၂၄)ထက်ကျော်လွန်လေ့ရှိကြောင်းသိရှိရပြီး ထိုအချက်သည် အဝါရောင်နဂါးမောက်သီး ရေပန်းစားခြင်း၏ အကြောင်းအရင်းများအနက်တစ်ခုဖြစ်ကြောင်း(၁၅-၂-၂၂)ရက်နေ့တွင် ထုတ်ပြန်သော www.freshplaza.com ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

**ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.freshplaza.com/article/9400448/ecuador-obtains-permission-to-export-dragon-fruit-to-china/

## အင်ဒိုနီးရှားနိုင်ငံမှ တင်ပို့မှုကန့်သတ်လိုက်ခြင်းကြောင့် ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းများကို ထိန်းချုပ်နိုင်ရန် အိန္ဒိယနိုင်ငံသည် အပြင်းအထန်ကြိုးစားလျက်ရှိ

- ➢ အင်ဒိုနီးရှားနိုင်ငံမှ တင်ပို့မှုကန့်သတ်လိုက်ပြီးနောက် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းများ စံချိန်တင်မြင့်တက်ခြင်းကြောင့် ပြည်နယ်ရွေးကောက်ပွဲများမတိုင်မီ အိန္ဒိယနိုင်ငံ၏ စားသုံးဆီဈေးနှုန်းများလျှော့ချရန် ကြိုးပမ်းမှုများသည် ပျက်စီးသွားခဲ့ကြောင်း၊
- ➢ စားနပ်ရိက္ခာဈေးနှုန်းဖောင်းပွမှုအပေါ် အိန္ဒိယအစိုးရသည် သွင်းကုန်ခွန်လျှော့ချခြင်း၊ သိုလှောင်မှု ကန့်သတ်ချက်များနှင့် စားသုံးဆီနှင့် ဆီထွက်သီးနှံများ ရောင်းဝယ်မှုကို ဆိုင်းငံ့ထားခြင်းဖြင့် ပြည်တွင်းဈေးနှုန်းများ ကိုထိန်းချုပ်ရန် ကြိုးပမ်းခဲ့ကြောင်း၊
- ➢ အင်ဒိုနီးရှားတွင် ထုတ်လုပ်သူများအား ပြည်တွင်းဟင်းချက်ဆီဈေးနှုန်းငြိမ်စေရန်အတွက် ထုတ်ကုန်(၂၀) ရာခိုင်နှုန်းကို ပြည်တွင်းဈေးကွက်သို့ ရောင်းချရန် မှာကြားခဲ့ခြင်းကြောင့် အကောက်အခွန်ဖြတ်တောက်မှုနှင့် အခြားသောအစီအမံများ၏ ကောင်းကျိုးများ ဖျက်သိမ်းလုနီးပါးဖြစ်သွားခဲ့ကြောင်း၊
- ➢ စားအုန်းဆီ ကမ္ဘာ့အများဆုံးတင်ပို့သည့် အင်ဒိုနီးရှားနိုင်ငံ၏ တင်ပို့မှုတစ်ဝက်နီးပါးသည် အာရှလေးနိုင်ငံဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဖြစ်ကြောင်း၊
- ➢ နိုင်ငံတွင်း စားသုံးမှုအများဆုံးဖြစ်သော စားအုန်းဆီဈေးနှုန်းသည် (၂၀၂၁)ခုနှစ်၊မေလတွင် (၁၂၈၀.၇၅)ရူပီး စံချိန်တင်မြင့်တက်ခဲ့ပြီးနောက် (၂၀၂၂)ခုနှစ်တွင် တစ်ကီလိုဂရမ်လျှင်(၁,၂၈၈)ရူပီးဖြင့် (၁၂)ရာခိုင်နှုန်းအထက်မြင့်တက်ခဲ့ကြောင်း၊
- ➢ ဝယ်ယူသူများမှ စားအုန်းဆီနေရာတွင် အစားထိုးရန် ကြိုးပမ်းမှုကြောင့် ပဲပုပ်ဆီနှင့်နေကြာဆီကဲ့သို့ပြိုင်ဘက်ဆီဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ကမ္ဘာ့စားအုန်းဆီအများဆုံးတင်သွင်းသည့်နိုင်ငံအတွက် တင်သွင်းမှုကျသင့်ငွေ တိုးမြင့်ကာ နယူးဒေလီရှိစားသုံးသူများအတွက် ကုန်ကျစရိတ်ကိုထိန်းချုပ်ရန်ခက်ခဲစေကြောင်း၊
- ➢ အိန္ဒိယတွင်စားအုန်းဆီကြမ်း(CPO)တစ်တန်လျှင် အမေရိကန်ဒေါ်လာ(၁,၄၅၀)ဝန်းကျင်ရှိပြီး ပဲပုပ်ဆီကုန်ကြမ်းမှာဒေါ်လာ(၁,၄၉၀)နှင့်နေကြာဆီကုန်ကြမ်းမှာ ဒေါ်လာ(၁,၄၅၅)ရှိကြောင်း၊
- ➢ အိန္ဒိယနိုင်ငံ၏ အစားအစာလက်လီဈေးနှုန်းဖောင်းပွမှုသည် ဒီဇင်ဘာလတွင် (၄.၀၅)ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပြီး လာမည့်လများအတွင်း ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း ဈေးကွက်လေ့လာသူများမှ ခန့်မှန်းထားကြကြောင်း၊ အင်ဒိုနီးရှားသည် ကမ္ဘာ့အများဆုံး ဆီကြမ်းနှင့်သန့်စင်ပြီးသော စားအုန်းဆီတင်ပို့မှု (၅၅)ရာခိုင်နှုန်းကျော်ရှိပြီး မလေးရှားသည် (၃၀)ရာခိုင်နှုန်းရှိကြောင်း၊
- ➢ စားသုံးဆီများကို အများသူငှာဖြန့်ဖြူးရေးစနစ်ဖြင့် နွမ်းပါးသူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနိုင်သော်လည်းရန်ပုံငွေများစွာလိုအပ်ပြီး အစိုးရအနေဖြင့် ဘဏ္ဍာရေးလိုငွေပြမှုကို ထိန်းချုပ်ရန် အကြပ်အတည်းဖြစ်နေကြောင်း၊ တာဝန်ရှိသူများမှ စားသုံးဆီရောင်းဝယ်ရေးအဖွဲ့များ၏ဈေးနှုန်းများကို ဖုံးကွယ်ထားရန် စည်းရုံးခဲ့သော်လည်း ပြင်းထန်သော ဈေးကွက်ဖြစ်ရပ်မှန်များနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊
- ➢ တင်သွင်းသောဆီများကို ဝယ်ယူသည့်ဈေးနှုန်းထက် လျှော့၍ မရောင်းနိုင်ကြောင်း မွန်ဘိုင်းအခြေစိုက် စားသုံးဆီသန့်စင်ရေးကုမ္ပဏီတစ်ခုမှ ပြောခဲ့ကြောင်း (၂.၈.၂၀၂၂)ရက်တွင် ထုတ်ပြန်ခဲ့သော Reuters ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.thehindubusinessline.com/markets/commodities/s-e-asia-looks-to-buy-more-corn-from-india

## တရုတ်နိုင်ငံ၏ တင်းကြပ်သော ဗိုင်းရပ်စ်မူဝါဒသည် အာဆီယံသစ်သီးတင်ပို့သူများအား ထိခိုက်စေခြင်း

- ကိုဗစ်ကာလအတွင်း တရုတ်နိုင်ငံသို့သစ်သီးများရောင်းချခြင်းသည် လွယ်ကူသည့်ကိစ္စရပ် မဟုတ်ကြောင်း၊ တရုတ်သည် ၎င်းတို့၏ နယ်စပ်ဒေသများမှ ဗိုင်းရပ်ထိန်းချုပ်ရေးကိစ္စများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဗိုင်းရပ်စ်များသည် သစ်သီးဝလံနှင့်အေးခဲအစားအစာများမှ ပျံ့နှံ့သည်မှာ အလွန်နည်းပါးသော်လည်း ထိုပစ္စည်းများ၏ အထုပ်(၁၀၀၀)ကိုပင် စမ်းသပ်စစ်ဆေးလျက်ရှိကြောင်း၊
- မြို့တွင်းပိတ်ဆို့မှုများကဲ့သို့ တင်းကြပ်သော ဗိုင်းရပ်စ်မူဝါဒများသည် တရုတ်နိုင်ငံပြင်ပတွင်လည်း စိုးရိမ်ဖွယ်ရာနောက်ဆက်တွဲအကျိုးဆက်များရှိနေကြောင်း၊ ဒေသတွင်းတင်ပို့မှုအများစုသည် နိုင်ငံဆီသို့ဦးတည်နေသောကြောင့် အရှေ့တောင်အာရှသစ်သီးစိုက် တောင်သူများသည် အထူးထိခိုက်ကြကြောင်း၊
- (၂၀၂၀)ခုနှစ်တွင် အရှေ့တောင်အာရှမှ တရုတ်သို့ သစ်သီးတင်ပို့မှုစုစုပေါင်းမှာ အကြမ်းဖျင်းဒေါ်လာ (၆)ဘီလီယံထိရပ်တည်ခဲ့ပြီး ဗီယက်နမ်၊ မြန်မာနှင့် လာအိုနိုင်ငံတို့မှ ရှည်လျားသော ကုန်တင်ယာဉ်တန်းကြီးသည် တရုတ်နိုင်ငံနယ်စပ် ဖြတ်သန်းမှုတွင် ယခုအခါပိတ်ဆို့နေခဲ့ပါကြောင်း၊ ဗီယက်နမ်တွင် တရုတ်သို့အများဆုံးတင်ပို့နေသော နဂါးမောက်သီးစိုက် တောင်သူများသည် ပြဿနာများဖြစ်ပေါ်လျက်ရှိကြောင်း၊
- မြန်မာတွင်လည်း ဖရဲသီးတင်ပို့သူများသည် ကုန်တင်ကားမောင်းနှင်သူများအား quarantine (၁၅)ရက်ဝင်ရမည်ဆိုသောကြောင့် နယ်စပ်ဒေသတွင် ၎င်းတို့၏ သစ်သီးများကို စွန့်ပစ်ထားခဲ့ရကြောင်း၊
- တရုတ်နိုင်ငံရှိမြို့(၉)မြို့တွင် ဗီယက်နမ်နိုင်ငံမှ တင်ပို့လာသောနဂါးမောက်သီးတွင် ကိုရိုနာဗိုင်းရပ် ရှာဖွေတွေ့ရှိခဲ့သည်ဟုပြောဆိုပြီးနောက် အာဏာပိုင်များမှ စူပါမားကတ်များတွင် သစ်သီးရောင်းချခြင်းကို ပိတ်လိုက်ပြီး သစ်သီးများနှင့် ထိတွေ့ခဲ့သည့် လူဦးရေ(၁၀၀၀)ကို quarantine ဝင်စေခဲ့ကာ ဝယ်ယူသူများကိုလည်း စစ်ဆေးရန် အမိန့်ပေးခဲ့ကြောင်း (၉.၂.၂၀၂၂)တွင်ထုတ်ပြန်ခဲ့သော Fresh Plaza ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါ သည်။

**ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.reuters.com/business/abundant-lower-quality-asian-wheat-supplies-fill-corn-shortage-2022-02-14/

## ဖိလစ်ပိုင်နိုင်ငံသည် သကြားပြတ်တောက်မှုကို ကာမိစေရန် သန့်စင်ပြီးသကြားတန်ချိန် (၂၀၀,၀၀၀)အား တင်သွင်းရန် ကြိုးပမ်းနေခြင်း

- ဖိလစ်ပိုင်နိုင်ငံသည် ဒီဇင်ဘာလတွင် ဝင်ရောက်တိုက်ခတ်ခဲ့သည့် အားပြင်းသော တိုင်ဖွန်းမုန်တိုင်းကြောင့် စိုက်ခင်းများရှိသီးနှံများကို ပျက်စီးဆုံးရှုံးမှုမှ ဖြစ်ပေါ်လာသော သကြားထုတ်လုပ်မှုများ ပြတ်တောက်မှုကို ဖြေရှင်းရန် စံချိန်စံညွှန်းနှင့်ပြည့်မီပြီး အဆင့်မီသော သန့်စင်ပြီးသကြားတန်ချိန်(၂၀၀,၀၀၀)အား တင်သွင်းရန်စီစဉ်နေကြောင်း စက်မှုလုပ်ငန်းအဖွဲ့အစည်းမှ ပြောကြားခဲ့ကြောင်း၊
- ဖိလစ်ပိုင်နိုင်ငံသည် သကြားကုန်စည်လက်ကျန် အလွန်နည်းပါးနေပြီး ယခုနှစ်သီးနှံကြိတ်ခွဲရာသီများတွင် (၂)လမှ(၃)လအထိ သန့်စင်ပြီးသကြား လိုအပ်ချက်အား ကာမိနိုင်မည်မဟုတ်ကြောင်း Sugar Regulatory Administration (SRA) မှ ထုတ်ပြန်ခဲ့ကြောင်း၊

- အရှေ့တောင်အာရှနိုင်ငံများသည် ပုံမှန်သကြားတင်သွင်းလေ့ရှိသည့် နိုင်ငံများမဟုတ်သော်လည်း လိုအပ်သည့်အခါတွင် ဘရာဇီးနိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယအများဆုံးတင်ပို့သည့် နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံမှ ဝယ်ယူ လေ့ရှိကြောင်း၊
- တိုင်ဖွန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများကို အကဲဖြတ်ပြီးနောက်တွင် ဩဂုတ်လ(၃၁)ရက်နေ့ ကုန်ဆုံးမည့်(၂၀၂၁-၂၀၂၂)သီးနှံနှစ်အတွက် ဖိလစ်ပိုင်နိုင်ငံ၏ သကြားကုန်ကြမ်းထုတ်လုပ်မှုသည် တန်ချိန် (၂.၀၉၉) သန်းမှ (၂.၀၇၂)သန်းသို့ ကျဆင်းခဲ့ကြောင်း၊
- တိုင်ဖွန်း Rai မုန်တိုင်းသည် အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများသို့ ဝင်ရောက်မတိုက်ခတ်မီအချိန်ကပင် ဖိလစ်ပိုင်သကြားသန့်စင်ရေးအသင်းမှ လက်ရှိသီးနှံနှစ်အတွက် သန့်စင်ပြီး သကြားအထွက်နှုန်းခန့်မှန်းချက်သည် ၅၀ကီလိုအိတ် (၁၇.၅၇၂)သန်းမှ (၁၆.၇၄၈)သန်းသို့ ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊
- ကာလကြာရှည် ကပ်ရောဂါပိတ်ဆို့ထားမှုများပြီးနောက် စီးပွားရေးပြန်လည်ဖွင့်လှစ်ချိန်တွင် ဝယ်လိုအား ပြန်လည်နိုးထလာခြင်းနှင့်အတူ ကျပ်တည်းသော ထုတ်လုပ်မှုများကြောင့် ကုန်ကြမ်းနှင့် သန့်စင်ပြီး သကြားနှစ်မျိုးစလုံး လက်ကားဈေးများ စံချိန်တင်မြင့်တက်လာကြောင်း (၈-၂-၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်သော www.reuters.com၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.reuters.com/article/philippines-sugar-import/ update-1-philippines-seeks-to-import-200000-tonnes-of-refined-sugar-to-cover-shortfall

## ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း ဆန်ဈေးနှုန်း

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ရော၀တီ |
| မနောသုခ | ၂၈၀၀၀ | ၃၂၀၀၀ | ၃၂၅၀၀ | ၃၅၀၀၀ | ၂၅၀၀၀ |
| ဆင်းသုခ | ၂၆၀၀၀ | ၃၂၀၀၀ | ၃၃၀၀၀ | ၃၅၀၀၀ | ၂၅၀၀၀ |
| ဧရာမင်း | ၃၆၀၀၀ | ၃၀၀၀၀ | ၄၃၅၀၀ | ၅၀၀၀၀ | ၂၈၀၀၀ |
| ပေါ်ဆန်း | ၆၈၀၀၀ | ၄၈၀၀၀ | ၆၀၀၀၀ | ၅၇၀၀၀ | ၃၇၀၀၀ |

## ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်း

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| မြေပဲဆီ | ၈၀၀၀ | ၉၀၀၀ | ၈၂၀၀ | ၈၅၀၀ | ၇၀၀၀ |
| နှမ်းဆီ | ၇၅၀၀ | ၁၀၀၀၀ | ၈၃၀၀ | ၈၅၀၀ | ၇၅၀၀ |
| နေကြာဆီ | ၆၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၇၅၀၀ |
| စားအုန်းဆီ | ၅၅၀၀ | ၅၆၀၀ | ၄၇၀၀ | ၅၈၀၀ | - |
| ပဲပုတ်ဆီ | - | - | ၃၆၅၀ | - | ၈၀၀၀ |

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

### ၂၀၂၂ ခုနှစ် ဇန်နဝါရီလစတုတ္ထပတ်အတွင်းနှင့် ဖေဖော်ဝါရီပထမပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | ဇန်နဝါရီလ စတုတ္ထပတ် | ဖေဖော်ဝါရီ ပထမပတ် | အတိုး/ အလျော့ |
| မတ်ပဲ | US$ | ၈.၀၄ | ၆.၀၈ | (-)၁.၉၅၄ |
| | ကီလို | ၁၁၁၅၂.၇၂၅ | ၇၈၉၂.၂၂၅ | (-)၃၂၆၀.၅၀ |
| ပဲတီစိမ်း | US$ | ၁၂.၅၀၄ | ၁၀.၉၅၆ | (-)၁.၅၄၈ |
| | ကီလို | ၁၆၂၁၈.၄၇၃ | ၁၄၀၄၆.၉၂၅ | (-)၂၁၇၁.၅၄၈ |
| ပဲတီစိမ်း | US$ | ၀.၀၃၄ | ၀.၀၀ | (-)၀.၀၃၄ |
| (လုံးခြမ်း) | ကီလို | ၃၂.၀၀ | ၀.၀၀ | (-)၃၂.၀၀ |
| ပဲစဉ်းငုံ | US$ | ၄.၅၅၄ | ၅.၉၆၄ | (+)၁.၄၁ |
| | ကီလို | ၇၁၆၆.၅၀ | ၉၂၆၆.၂၅ | (+)၂၀၉၉.၇၅ |
| ကုလားပဲ | US$ | ၀.၀၀၇ | ၀.၀၃၆ | (+)၀.၀၂၉ |
| | ကီလို | ၁၂.၀၀ | ၄၇.၁၈၀ | (+)၃၅.၁၈၀ |
| ပဲလွန်းဖြူ | US$ | ၀.၉၇၂ | ၀.၇၆၅ | (-)၀.၂၀၇ |
| | ကီလို | ၁၂၉၂.၀၀၅ | ၉၉၉.၅၃၉ | (-)၂၉၂.၄၆၆ |
| မြေ | US$ | ၀.၇၄၁ | ၀.၅၂ | (-)၀.၂၂၁ |
| ထောက်ပဲ | ကီလို | ၉၁၀.၆၂၉ | ၆၆၉.၂၇ | (-)၂၄၁.၃၅၉ |
| ထောပတ် | US$ | ၀.၂၉၉ | ၀.၁၃၉ | (-)၀.၁၆ |
| ပဲ | ကီလို | ၄၅၀.၀၀ | ၂၀၅.၀၅ | (-)၂၄၄.၉၅ |
| ပဲယင်း | US$ | ၀.၄၈၂ | ၀.၄၆၇ | (-)၀.၀၁၅ |
| | ကီလို | ၆၂၄.၉၆၄ | ၆၉၉.၀၈၉ | (+)၇၄.၁၂၅ |
| ပဲကြီး | US$ | ၀.၀၁၆ | ၀.၀၁၆ | ၀.၀၀ |
| | ကီလို | ၂၅.၀၀ | ၂၄.၀၀ | (-)၁.၀၀ |
| ဘိုကိတ်ပဲ | US$ | ၀.၈၉၇ | ၀.၉၁၈ | (+)၀.၀၂၁ |
| | ကီလို | ၁၁၁၈.၀၀ | ၁၂၆၀.၀၀ | (+)၁၄၂.၀၀ |
| ပဲပုတ်စေ့ | US$ | ၀.၀၀ | ၀.၁၆၇ | (+)၀.၁၆၇ |
| | ကီလို | ၀.၀၀ | ၂၃၀.၀၀ | (+)၂၃၀.၀၀ |
| မြေပဲဆံ | US$ | ၀.၅၂၃ | ၀.၃၇၇ | (-)၀.၁၄၆ |
| (အခွံပါ) | ကီလို | ၆၉၀.၁၇၄ | ၅၇၉.၆၈၅ | (-)၁၁၀.၄၈၉ |
| မြေပဲဆံ | US$ | ၁.၉၅၂ | ၁.၅၀၉ | (-)၀.၄၄၃ |
| | ကီလို | ၂၀၅၀.၅၄၉ | ၁၆၃၉.၉၁ | (-)၄၁၀.၆၃၉ |
| အခြားပဲ | US$ | ၀.၀၀၁ | ၀.၀၀ | (-)၀.၀၀၁ |
| | ကီလို | ၀.၄၈ | ၀.၃၀ | (-)၀.၁၈ |
| စုစုပေါင်း | US$ | ၃၀.၉၅၄ | ၂၇.၉၂ | (-)၃.၀၃၄ |
| | ကီလို | ၄၁၆၇၉.၄၉၉ | ၃၇၅၅၉.၄၂၄ | (-)၄၁၂၀.၀၇၅ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC

## ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီဒုတိယ(၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ ဓါတ်မြေသြဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| **ယူရီးယား** | | | | | |
| - မြင်းပျံ | ၉၆၀၀၀ | ၈၈၅၀၀ | ၈၂၀၀၀ | ၇၅၀၀၀ | ၆၂၀၀၀ |
| - ရွှေတောင် | ၈၉၀၀၀ | ၈၅၀၀၀ | ၈၀၅၀၀ | - | ၇၈၀၀၀ |
| - ဩဘာ/ ကောမက် | ၈၀၀၀၀ | ၈၃၅၀၀ | ၈၁၀၀၀ | ၇၅၀၀၀ | ၇၃၀၀၀ |
| - ရွှေနဂါး | ၉၁၀၀၀ | ၈၀၀၀၀ | ၇၅၀၀၀ | ၆၈၀၀၀ | ၆၅၀၀၀ |
| - ဝိစာရ | ၇၅၀၀၀ | ၈၉၀၀၀ | ၇၆၀၀၀ | - | ၆၃၀၀၀ |
| **တီစူပါ** | | | | | |
| - သံကွင်း | ၆၅၀၀၀ | ၈၀၀၀၀ | ၆၄၀၀၀ | ၆၀၀၀၀ | ၆၅၀၀၀ |
| - အာမို | ၇၀၀၀၀ | ၈၁၀၀၀ | ၇၁၅၀၀ | ၆၀၀၀၀ | ၇၂၀၀၀ |
| - ဩဘာ/ ကောမက် | ၇၉၃၀၀ | ၈၃၀၀၀ | ၇၈၀၀၀ | ၅၉၀၀၀ | ၆၅၀၀၀ |
| - ဝိစာရ | ၇၂၀၀၀ | ၇၉၅၀၀ | ၇၅၀၀၀ | - | ၆၃၀၀၀ |
| **ပိုတက်ရှ်** | | | | | |
| - မာကိုတာ | ၇၁၀၀၀ | ၈၉၅၀၀ | ၇၀၀၀၀ | ၇၃၀၀၀ | ၆၃၀၀၀ |
| - ဝိစာရ | - | ၈၈၀၀၀ | ၇၁၀၀၀ | - | ၆၄၀၀၀ |
| - အာမို | ၈၅၀၀၀ | ၉၁၀၀၀ | ၇၃၀၀၀ | ၆၀၀၀၀ | ၆၄၀၀၀ |
| - ဩဘာ | - | ၈၅၀၀၀ | ၇၅၀၀၀ | - | ၆၅၀၀၀ |
| **ကွန်ပေါင်း** | | | | | |
| - ဩဘာ/ ကောမက် | ၈၂၀၀၀ | ၉၂၀၀၀ | ၇၇၀၀၀ | ၇၂၀၀၀ | ၇၃၀၀၀ |
| - အာမို | ၈၂၀၀၀ | ၈၈၀၀၀ | ၇၈၀၀၀ | ၇၅၀၀၀ | ၇၃၀၀၀ |
| - ဝိစာရ | ၈၀၀၀၀ | ၉၀၇၅၀ | ၆၀၀၀၀ | - | ၇၅၀၀၀ |
| - ရွှေနဂါး | - | ၇၈၀၀၀ | ၇၀၅၀၀ | - | ၇၂၀၀၀ |
| - သံကွင်း | - | ၈၅၀၀၀ | ၇၀၀၀၀ | - | ၇၅၀၀၀ |

## စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | မန္တလေး | မကွေး | စစ်ကိုင်း | ဧရာဝတီ |
| မနောသုခ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၃၅၀၀ | ၁၀၀၀၀ |
| ဆင်းသုခ | ၁၅၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၁၃၅၀၀ | ၁၂၀၀၀ |
| ဧရာမင်း | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၆၅၀၀ | ၁၂၀၀၀ |
| ပေါ်ဆန်း | ၁၈၀၀၀ | - | - | ၁၈၀၀၀ | ၁၅၀၀၀ |

စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ
(Agriculture Market Bulletin) Market Information System စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

*မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။
ဖုန်း - ၀၆၇ ၃၄၁၀၅၃၈, Email: doamisppme@gmail.com